KHRG ကရင်လူ့အခွင့်အရေးအဖွဲ့

ကျေးလက်နေပြည်သူများ၏ အသံများကိုမှတ်တမ်းပြုစုခြင်း

# ရခိုင်ပြည်နယ်အတွင်း လက်နက်ကြီးကျောင်းပေါ်ကျရောက်သည့်အပေါ် ကရင့်လူ့အခွင့်အရေးအဖွဲ့၏ သဘောထားထုတ်ပြန်ချက်

ကလေးများရှိရာကျောင်းအနီးသို့ တပ်မတော်မှ လက်နက်ကြီးသုံးစွဲပစ်ခတ်မှုအပေါ် ကရင်လူ့အခွင့်အရေးအဖွဲ့မှ ပြင်းထန်စွာရှုတ်ချပါသည်။ ကလေးများနေ့တွင် မြန်မာနိုင်ငံရှိ ကျောင်းများသည် ပညာရေး၏အရေးပါမှုအား မြှင့်တင်ရမည်ဖြစ်သော်လည်း ရခိုင်ပြည်နယ်မှကလေးများမှာ ပဋိပက္ခ၏မြေစာပင်များဖြစ်ခဲ့ရပါသည်။

ဖေဖော်ဝါရီလ ၁၃ ရက်နေ့၊ မနက် ၁၀ နာရီခန့်တွင် လက်နက်ကြီးတစ်လုံးသည် ဘူးသီးတောင်မြို့နယ်၊ စံညွှင်းဝေကျေးရွာအုပ်စု ၊ ခမွေချောင်းကျေးရွာ မူလွန်ကျောင်းအား ထိမှန်ခဲ့ပါသည်။ ထိုမနက်ပိုင်းတွင် ရွာမှ ၃ ကီလိုမီတာအဝေးတွင် တပ်မတော်နှင့် ရခိုင်တပ်မတော်တို့အကြား တိုက်ပွဲဖြစ်ပွားခဲ့ပါသည်။ လက်နက်ကြီးတစ်လုံး ကျောင်းခေါင်မိုးပေါ်သို့ကျပြီး အနည်းဆုံးကလေးသူငယ် ၂၀ ဦး ထိခိုက် ဒဏ်ရာရရှိခဲ့ပါသည်။ ကျောင်းသားကျောင်းသူများအား စစ်စခန်းတစ်ခုတွင် ဆေးကုသပေးခဲ့ပြီး အခြားသောကလေး ၅ ဦးအား ဆေးရုံသို့ပို့ဆောင်ခဲ့ပါသည်။ ကျောင်းသူတစ်ဦးမှာ ပြင်းထန်စွာဒဏ်ရာရရှိခဲ့ပြီး အခြားသောကလေးများမှာ ခြေနှင့်လက်များတွင် ဒဏ်ရာရရှိခဲ့ခြင်းဖြစ်ပါသည်။

ကရင်လူ့အခွင့်အရေးအဖွဲ့မှ မြန်မာအစိုးရအား ကလေးသူငယ်များဆိုင်ရာအခွင့်အရေး သဘောတူစာချုပ်ကို လေးစားလိုက်နာဆောင်ပြီး ကလေးသူငယ်များ၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ရန် တိုက်တွန်းပါသည်။ ကလေးများသည် စစ်ပွဲပဋိပက္ခများအတွင်း ခုခံကာကွယ်နိုင်စွမ်း အလွန်အားနည်းသူများဖြစ်ကြပြီး ၎င်းတို့သည် မကြာခဏဆိုသလို လျစ်လျူရှုခြင်းခံရသလို ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ အကြမ်းဖက်နှိပ်စက်ရန် ပစ်မှတ်ထားခံကြရပါသည်။ ၎င်းတို့တွင် ထုတ်ဖော်ပြောဆိုနိုင်ခွင့်နှင့် ၎င်းတို့၏အခွင့်အရေးများအား ကာကွယ်နိုင်စွမ်း မရှိကြပါ။ ထို့ကြောင့် မြန်မာနိုင်ငံရှိကလေးများ၏ အခွင့်အရေးများအား ကာကွယ်ရေးအတွက် ပိုမို အလေးပေးရန်လိုအပ်သည်။

ကလေးများ၏ ပညာရေးလက်လှမ်းမီသောအခွင့်အရေးအား ထိခိုက်ဟန့်တားခြင်း မရှိရပါ။ ကလေးများသည် ၎င်းတို့၏အသက်အန္တရာယ်အတွက် စိုးရိမ်ကြောက်ကြမှုမရှိဘဲ ကျောင်းတက်နိုင်ခွင့်ရှိရမည်ဖြစ်သည်။ ပညာရေးသည် ဘဝအတွက်အာမခံချက်တစ်ခုဖြစ်ပါသည်။ ပညာရေးမှ အပယ်ခံရ

သောကလေးငယ်များသည် လူကုန်ကူးမှု၊ ခေါင်းပုံဖြတ်မှုနှင့် အမျိုးသမီးငယ်များမှာ သက်ငယ်အိမ်ထောင်ပြုခြင်းနှင့် လိင်ပိုင်းဆိုင်ရာအဓမ္မပြုခြင်းများ ခံစားရရန် အခွင့်အလမ်းပိုများပါသည်။ ပညာရေးသည် ကလေးများအတွက် ပြည့်စုံ၍အောင်မြင်သော ဘဝကိုရရှိစေရန် အထောက်အကူ ပြုစေပါသည်။

ဤအဖြစ်အပျက်သည် ကလေးများအပေါ်တွင် တိုက်ပွဲများ၏ ဆိုးကျိုးသက်ရောက်မှုအား မီးမောင်းထိုးပြထားပါသည်။ ထို့ကြောင့် ဆက်လက်ဖြစ်ပွားနေဆဲဖြစ်သော ပဋိပက္ခကြား ကလေးသူငယ်များအား လုံခြုံမှုပေးခြင်းဖြင့် မြန်မာနိုင်ငံရှိကလေးငယ်များ၏ ပညာရေးကိုပိုမိုအရေးစိုက်ရန် ကရင်လူ့အခွင့်အရေးအဖွဲ့မှ တောင်းဆိုပါသည်။ လက်နက်ကိုင် ပဋိပက္ခတွင် ပါဝင်သူများသည် ပြည်သူများ၏အသက်ကို မဖြစ်မနေ ကာကွယ်ပေးရမည်ဖြစ်သည်။

ဆက်သွယ်ရန်၊
နော်ထူးထူး၊ +66(0) 872051856
စောနန္ဒာဆူး၊ +95(0) 977 675 3790